myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 8, 2019 | Volume 16, Number 6

**၈.၂.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၀၉ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၆၇၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၆/ကျပ် |
| CBM Rate | = ၁၅၃၈.၉/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၄၂.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၃၄.၃ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၈၉.၈ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၀.၅ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၉၀.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၈.၀၉ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၆၃၇ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၉၉ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၈.၂၂ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၈၇၇ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## တရားမဝင်ငွေလွှဲဝန်ဆောင်မှု (ဟွန်ဒီ) လုပ်ငန်းများကို လိုင်စင်ထုတ်ပေးမည်

မြန်မာလုပ်ငန်းရှင်များ၏ ငွေကြေးများ ပြည်ပနိုင်ငံများတွင် စာရင်းသေနေခြင်းနှင့် အခွန်တိမ်းရှောင်မှုများကို စိစစ်ကြပ်မတ်နိုင်ရန်အတွက် ပြည်ပနိုင်ငံများသို့ တရားမဝင်ငွေလွှဲဝန်ဆောင်မှုလုပ်ငန်း (ဟွန်ဒီ) များကို မကြာမီလပိုင်းအတွင်း တရားဝင်လိုင်စင်ထုတ်ပေးကာ လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဌ ဦးဘိုဘိုငယ်က ဖေဖော်ဝါရီ ၆ ရက်နေ့က ဗဟိုဘဏ်ရုံး၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုလိုက်သည်။ လက်ရှိတွင် ပြည်ပသို့ငွေကြေးစီးဆင်းမှုတွင် ဘဏ်စနစ်မှ တရားဝင်လွှဲပို့ လက်ခံမှုများ နည်းပါးနေပြီး ဘဏ်လုပ်ငန်းပြင်ပမှသာ ပေးပို့ လက်ခံမှုများပြားနေခြင်းဖြစ်သည်။

နိုင်ငံခြားငွေနဲ့ပတ်သက်ပြီး အဓိကဖြစ်ခဲ့တဲ့ကိစ္စတစ်ခုက ပြည်ပမှာထွက်ပြီး ထိုင်နေတဲ့ ပို့ကုန်ရငွေတွေ ဘီလီယံနဲ့ချီပြီးရှိကြောင်း၊ အဲဒီငွေတွေကို တော်တော်နဲ့ ပြန်ယူမလာဘဲနဲ့ အချိန်ယူပြီး၊ စိတ်အေးလက်အေး ဒီမှာဈေးတက်တာစောင့်ပြီး ယူလာတဲ့အတွက် အခက်အခဲဖြစ်ရကြောင်း၊ ဒါကို ပို့ကုန်သွင်းကုန်တွေ ပြန်ဝင်လာအောင်၊ သွင်းကုန်ဆိုရင်လဲ ဘဏ်ကနေတစ်ဆင့်ပေးအောင် တိတိကျကျ လုပ်သွားဖို့ရှိကြောင်း ဦးဘိုဘိုငယ်ကပြောသည်။

ယင်းအတွက်ကြောင့် (ဟွန်ဒီ) ငွေလွှဲလုပ်ငန်းများကို တရားဝင်လိုင်စင်ထုတ်ပေးသွားမည်ဖြစ်ကာ ထိုသို့လိုင်စင် ထုတ်ပေးရာတွင်လည်း ငွေကြေးလိမ်လည်ထွက်ပြေးမှုများမဖြစ်စေရေးအတွက် ငွေလွှဲပို့လုပ်ငန်း၏ လည်ပတ်မှုပမာဏနှင့် သင့်လျော်သောငွေပမာဏကို အာမခံငွေအဖြစ် ဗဟိုဘဏ်တွင် အပ်နှံထားရမည်ဖြစ်ကြောင်း ဗဟိုဘဏ်ကဆိုသည်။ ဟွန်ဒီနဲ့ ကဲ်သက်လို့ လိုင်စင်ထုတ်သွားဖို့ စည်းမျဉ်းတွေပြင်ဆင်ပြီးကြောင်း၊ လိုင်စင်ထုတ်ပေးတဲ့အခါမှာ ဘယ်နေ့ဘယ်ချိန်မှာ ပိုက်ဆံတွေယူပြီး ထွက်ပြေးသွားတယ်ဆိုတာမျိုးမဖြစ်ရလေအောင် security deposite ထားထားဖို့ အစီအစဉ်တွေလုပ်ထားကြောင်း၊ သူရဲ့လည်ပတ်နေတဲ့ လုပ်ငန်းနဲ့ကိုက်ညီအောင် သိန်း ၅,၀၀၀ လောက် နေ့စဉ်လည်ပတ်နေတဲ့သူက သိန်း ၅၀၀ လောက် deposite ထားရင်တော့ မထိရောက်ဘူး ဖြစ်နေကြောင်း၊ သူတို့ရဲ့ လည်ပတ်နေတဲ့ငွေကို နေ့စဉ်နဲ့အမျှ သတင်းပို့ပြီး လိုအပ်သလို သူတို့ရဲ့ SD ကို တိုးသွားဖို့ အစီအစဉ်လုပ်ဖို့ရှိကြောင်း ဦးဘိုဘိုငယ်ကဆိုသည်။

ယခုအခါတွင် ထိုကဲ့သို့ လုပ်ဆောင်ရန်အတွက် ဗဟိုဘဏ်အနေဖြင့် အချိန်ယူကာ ပြင်ဆင်ထားပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့နှင့်လည်း ဆွေးနွေးညှိနှိုင်းလျက် အကောက်ခွန်ဌာနနှင့်တိုင်ပင်၍ အဖွဲ့တစ်ခုဖွဲ့ထားကြောင်း ဗဟိုဘဏ်မှ သိရသည်။ (ဟွန်ဒီ) ငွေလွှဲလုပ်ငန်းများမှာ ပို့ကုန်သွင်းကုန်လုပ်ငန်းများကို အခြေခံခြင်းဖြစ်သည့်အတွက် ၂၀၁၇ ခုနှစ်က စတင်ပြုပြင်လုပ်ကိုင်ခဲ့သော အကောက်ခွန်ရှင်းလင်းရေးစနစ်ကိုလည်း အနည်းငယ်ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် သွင်းကုန်၊ ထုတ်ကုန်များနှင့်ပတ်သက်၍ မမှန်မကန်ငွေကြေးညာမှုများကိုလည်း သက်ဆိုင်ရာ ဌာနများနှင့်ပူးပေါင်း၍ ထိထိရောက်ရောက်အရေးယူကာ တိုက်ဖျက်သွားမည်ဖြစ်ကြောင်း ဗဟိုဘဏ်မှသိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=5821

## စီမံကိန်း ၃၀ ကို အစိုးရက ဦးစားပေးအကောင်အထည်ဖော်မည်



တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဦးစားပေးအကောင်အထည်ဖော်သွားမည့် စီမံကိန်း ၃၀ ကို ၂၀၁၉ ခုနှစ် မြန်မာ့ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတွင် အစိုးရအဖွဲ့က ချပြခဲ့သည်။

အစိုးရအဖွဲ့သည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) အရ စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုလုပ်ငန်းနှင့် မြို့ပြဖွံ့ဖြိုးရေးနှင့် သယ်ယူပို့ဆောင်ရေးစသည့် ကဏ္ဍသုံးကြီးသုံးရပ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းကဏ္ဍကြီးသုံးရပ်အတွင်းမှ စီမံကိန်း ၃၀ ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာ့ဖွံ့ဖြိုးရေးမှာ အခြေခံအဆောက်အအုံ လိုအပ်မှုကွာခြားချက် စိန်ခေါ်ချက်တွေရှိနေဆဲဖြစ်ကြောင်း၊ ကမ္ဘာမှာ လျှပ်စစ်ထုတ်လုပ်မှု အနည်းဆုံးနိုင်ငံဖြစ်နေပါတယ်။ ကုန်သွယ်မှုမြင့်တင်ဖို့ ဆိပ်ကမ်းတွေကို အဆင့်မြှင့်တင်ဖို့ လိုကြောင်း၊ ဒီလိုအပ်ချက်ကို ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းအဖြစ် ပြောင်းလဲဖို့လိုကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Invest Myanmar Summit ၂၀၁၉ ဖွင့်ပွဲ အမှာစကားတွင် ထည့်သွင်းပြောခဲ့သည်။

အစိုးရအဖွဲ့က အခြေခံအဆောက်အအုံလိုအပ်ချက်ကိုဖြည့်ဆည်းရန် ဦးစားပေးဆောင်ရွက်နေလျက်ရှိရာ ၄င်းကဏ္ဍများအတွက် ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ခြင်းကို အဓိကထားလုပ်ဆောင်နေသည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ပြည်ထောင်စုဝန်ကြီးဦးသောင်းထွန်းကပြောသည်။ သယ်ယူပို့ဆောင် ဆက်သွယ်ရေး ကဏ္ဍကြီးတွင် ဆိပ်ကမ်းတည်ဆောက်ရေး စီမံကိန်းငါးခု၊ လေဆိပ်စီမံကိန်းနှစ်ခု၊ ရထားလမ်းစီမံကိန်းနှစ်ခု၊ ဟိုင်းဝေးလမ်းစီမံကိန်းခုနစ်ခု၊ တံတားစီမံကိန်းတစ်ခုနှင့် အခြားစီမံကိန်းတစ်ခုတို့ ပါဝင်သည်။

ဆိပ်ကမ်းတည်ဆောက်ရေးစီမံကိန်းများကို ၂၀၂၂ ခုနှစ် အပြီးတည်ဆောက်ရန်လျာထားပြီး ဧရာဝတီမြစ်အတွင်း ဗန်းမော်၊ ပခုက္ကူနှင့် မကွေး သုံးနေရာနှင့် ချင်းတွင်းမြစ်အတွင်း ကလေးဝနှင့် မုံရွာဆိပ်ကမ်းနှစ်ခု ပါဝင်သည်။ ရထားလမ်းစီမံကိန်းတွင် မန္တလေး-မူဆယ် ရထားလမ်းအဆင့်မြှင့်တင်ခြင်းနှင့် တမူး-ကလေး ရထားလမ်းသစ်စီမံကိန်းတို့ပါဝင်သည်။ လေဆိပ်စီမံကိန်းတွင် မြောက်ဦးနှင့် သံတွဲလေဆိပ်စီမံကိန်း ပါဝင်သည်။ အမြန်လမ်းစီမံကိန်းတွင် ရန်ကုန်-မန္တလေး၊ ရန်ကုန်-ပုသိမ်၊ ရန်ကုန်မြို့တွင်း အမြန်လမ်း၊ ရန်ကုန်မြို့ပြင် အမြန်လမ်း၊ နေပြည်တော်-ကျောက်ဖြူ အမြန်လမ်း၊ မန္တလေး-ထီးချိုင့်-မူဆယ် အမြန်လမ်းနှင့် မြစ်ကြီးနား-ထီးချိုင့် အမြန်လမ်းစီမံကိန်းများပါဝင်သည်။ ၄င်းစီမံကိန်းများအနက် မန္တလေး-မူဆယ် ရထားလမ်းသစ် စီမံကိန်းကိုမူ ကန်ဒေါ်လာ သန်း ၅၀၀ အထက်နှင့် ၂၀၂၈ ခုနှစ်တွင် ပြီးစီးရန် လျာထားသည့်စီမံကိန်းဖြစ်သည်။

စက်မှုနှင့်မြို့ပြဖွံ့ဖြိုးရေးကဏ္ဍကြီးတွင်မူ ကန်ဒေါ်လာ သန်း ၅၀၀ အထက် လျာထားသည့် လှည်းကူးမြို့က အစိမ်းရောင်စီးပွားရေးမြို့တော်ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ပြင်ဦးလွင်မြို့က မန္တလေးအပန်းဖြေဝန်ဆောင်မှု မြို့သစ်စီမံကိန်းနှစ်ခုတို့ ပါဝင်သည်။ ထို့ပြင် မကွေးတိုင်း ချောက်၊ ဆိပ်ဖြူနှင့် အောင်လံမြို့တို့တွင် တည်ထောင်မည့် ဓာတ်မြေသြဇာစက်ရုံစီမံကိန်းသုံးခု၊ ရန်ကုန်တိုင်း သန်လျင်မြို့နယ်တွင်ဆောင်ရွက်မည့် New Integrated Refinery and Petrochemical Complex နှင့် လှိုင်သာယာမြို့နယ်တွင် ဆောင်ရွက်မည့် Myanmar Industrial Waste Water Public Private စီမံကိန်းနှစ်ခု တို့ပါဝင်သည်။ လျှပ်စစ်စွမ်းအင်ကဏ္ဍကြီးတွင်မူ လျှပ်စစ်စွမ်းအင်စီမံကိန်းငါးခု ဆောင်ရွက်ရန် လျာထားသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည့် ဆိုလာစွမ်းအင် စီမံကိန်း၊ ရန်ကုန်မြို့တွင် ဆောင်ရွက်မည့် ဓာတ်ငွေ့လောင်စာစွမ်းအင်စီမံကိန်း၊ မန္တလေးတိုင်း ကျောက်ဆည်မြို့တွင်ပြုလုပ်မည့် ပြန်ပြည့်မြဲ ရေအားလျှပ်စစ်စီမံကိန်းနှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တွင် ပြုလုပ်မည့် သောက်ရေကန်ရေအား လျှပ်စစ်စီမံကိန်းနှင့် ဧရာဝတီတိုင်း၊ ပုသိမ်မြို့တွင် ပြုလုပ်မည့် လေအားလျှပ်စစ်စီမံကိန်းတို့ပါဝင်သည်။

**Source:** https://myanmar.mmtimes.com/news/120269.html

## အိန္ဒိယက ပဲတင်သွင်းခွင့်ပိတ်ပင် မတ်ပဲဈေးကျဆင်း



အိန္ဒိယဗဟိုအစိုးရက ၄င်းတို့နိုင်ငံသို့ ပြည်ပမှ ပဲတင်သွင်းမှုကို ကန့်သတ်ကြောင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာသည်။ မည်သည့်အချိန်ကာလအထိ ပိတ်ထားမည်ကိုမူ ထုတ်ပြန်ချက်တွင် ဖော်ပြထားခြင်းမရှိပေ။

အိန္ဒိယဗဟိုအစိုးရသည် ၂၀၁၈ ဇွန်လအတွင်းကလည်း မတ်ပဲတန်ချိန် တစ်သိန်းခွဲ၊ ပဲစင်းငုံတန်ချိန် နှစ်သိန်း၊ ပဲတီစိမ်းတန်ချိန် တစ်သိန်းခွဲကိုသာ သုံးလအတွင်း တင်သွင်းမည်ဆိုသည့် သွင်းကုန်ကန့်သတ်ချက်ကို ကြေညာခဲ့သည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် အိန္ဒိယ၏ ပြည်တွင်းလိုအပ်ချက်ကြောင့် မတ်ပဲနှင့် ပဲစင်းငုံတင်သွင်းခွင့်အတွက် ပြည်နယ်အစိုးရခွင့်ပြုချက်ရရှိသည်ဟုဆိုကာ အိန္ဒိယကုန်သည်များက မြန်မာနိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့သဖြင့် လေးလတာကာလအတွင်း မတ်ပဲတန်ချိန် သုံးသိန်းကျော်နှင့် ပဲစင်းငုံတန်ချိန် ငါးသောင်းကျော်၊ စုစုပေါင်းတန်ချိန် လေးသိန်းခန့် ဝယ်ယူမှုရှိခဲ့ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်ကြီးများအသင်းကဆိုသည်။ အလားတူ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင်လည်း အိန္ဒိယပြည်နယ်အစိုးရများက ဆက်လက်တင်သွင်းခွင့်ပြုသဖြင့် မြန်မာနိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့ကြောင်း၊ သို့သော် ယခုနှစ် ဇန်နဝါရီ ၃၁ ရက် ထုတ်ပြန်ချက်ကြောင့် အိန္ဒိယဆိပ်ကမ်းသို့ ရောက်ရှိနေပြီဖြစ်သည့် ပဲများကို ဆိပ်ကမ်းကထုတ်မပေးခြင်းနှင့် ဇန်နဝါရီ ၂၈ ရက်နောက်ပိုင်းတွင် တင်သွင်းလာသည့်ပဲများကို လက်မခံဟုကြားသိရကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်ကြီးများအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။

သူတို့ဘက်မှာ လိုရင်ဖွင့်ပေးလိုက်၊ မလိုရင်ပိတ်လိုက်အခါကျတော့ အိမ်နီးချင်းနိုင်ငံလည်းဖြစ်တယ်။ ကိုယ်တို့နိုင်ငံ စိုက်ပျိုးထုတ်လုပ်တဲ့သူတွေအပေါ်သွားပြီးထိခိုက်ကြောင်း၄င်းကပြောသည်။ ထိုသို့ ပိတ်ပင်ကန့်သတ်လိုက်သည့်အတွက် မတ်ပဲဈေးများလည်း ကျဆင်းခဲ့သည်ဟု ၄င်းကပြောသည်။ ဇန်နဝါရီလအတွင်းက မတ်ပဲတစ်တန်လျှင် ကျပ်ခုနစ်သိန်းကျော် ပေါက်ဈေးရှိခဲ့ရာမှ ဖေဖော်ဝါရီ ၁ ရက်တွင် မတ်ပဲဈေးသည် တစ်တန်လျှင် ကျပ် ၅၇၀,၀၀၀ ဈေးအထိ ကျဆင်းလာသည်ဟု ၄င်းကပြောသည်။ အလားတူ ပဲစင်းငုံဈေးသည်လည်း ယခုအခါ တစ်တန်လျှင် ကျပ် ၆၈၀,၀၀၀ ဈေးအထိ ကျဆင်းခဲ့ပြီး ပြီးခဲ့သောတစ်ပတ်က ကျပ် ၇၅၀,၀၀၀ အထိပေါက်ဈေးရှိခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/120272.html

## မြိတ်မြို့ရှိ ပုစွန်မွေးမြူရေးကန်များမှ တစ်ကန်လျှင် ပုစွန်တန်ချိန် ၂၅ တန်ခန့်အထိ ထွက်ရှိလာ

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ပုစွန်မွေးမြူရေးများမှ တစ်ကန်လျှင် ပုစွန်သားပေါက် အကောင်ရေ ၁၀ သိန်းကျော် ထည့်သွင်းမွေးမြူပါက ပုစွန်ကောင်ရေ ၂၅ တန်ခန့်အထိ တိုးမြှင့်ထွက်ရှိနေပြီး ပြည်တွင်းဈေး ကွက်နှင့် အိမ်နီးချင်းနိုင်ငံများသို့ အဓိကထားတင်ပို့နေကြောင်း ဒေသခံမွေးမြူရေးလုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

လက်ရှိ မြန်မာနိုင်ငံတွင် ရေထွက်ကုန် အများဆုံးထွက်ရှိနေသည့် တနင်္သာရီတိုင်းဒေသကြီးတွင် ခေတ်မီရေ ငန်ပုစွန်မွေးမြူရေးလုပ်ငန်းများ၊ အအေးခန်းစက်ရုံများ၊ သားပေါက်ထုတ်လုပ်သည့် စခန်းများနှင့် ကဏန်း ပျော့မွေးမြူထုတ်လုပ်ရေး စခန်းများမှ ထွက်ရှိသည့် ရေထွက်ကုန်များကို နှစ်စဉ် ပြည်ပဈေးကွက်များသို့ တင်ပို့ လျက်ရှိကြောင်း သိရသည်။

" တစ်ကြိမ် မွေးမြူမယ်ဆိုရင် ဒေါ်လာ နှစ်သောင်းခန့် အမြတ်အစွန်း ရရှိပါတယ်။ တစ်နှစ်မှာ သုံးကြိမ်မွေးပေး မယ်ဆိုရင် ပုစွန်တစ်ကန်ကို ဒေါ်လာ ခြောက်သောင်းလောက်တော့ ရရှိလို့ တိုးချဲ့မွေးမြူလာလေလေ အရင်း အနီးနဲ့ အမြတ်အစွန်း ရရှိဖို့ ပိုမိုမျော်မှန်း နိုင်လေ ဖြစ်ပါတယ်" ဟု မြိတ်မြို့နယ်ရှိ ပြည့်ဖြိုးထွန်း ရေထွက်ကုန် မွေးမြူဖြန့်ဖြူးရေး ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိတွင် ပြည်တွင်း မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာတွင် မြေယာအသုံးပြုခွင့်၊ လုပ်ကိုင်ခွင့်များ ကို သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်သကဲ့သို့ မွေးမြူရေး ထွက်ကုန်များ ပြည်ပသို့တင်ပို့ရာတွင်လည်း သတ်မှတ်စံချိန်စံညွှန်းများကို စစ်ဆေးပေးသည့် ဓါတ်ခွဲခန်းများ၏

အရည်အသွေးမြှင့်တင်နိုင်ရေးကိုလည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်ကပြောသည်။ ပြည်ပဈေးကွက်အတွက် လိုအပ်နေတဲ့ စံချိန်စံညွှန်းတွေပြည့်မှီဖို့ အရည်အသွေးစစ်ဆေးခြင်း၊ ထောက်ခံချက် ထုတ်ပေးတာတွေ၊ နော်ဝေနိုင်ငံရဲ့ နည်းပညာအထောက်အပံ့ရရှိရေး ဆောင်ရွက်ပေးနေ တာတွေ လုပ်ဆောင်ပေးနေ ပါတယ်” ဟု ဦးခင်မောင်မော်က ဆိုသည်။

လက်ရှိ မြန်မာနိုင်ငံတွင် လယ်ယာထွက်ကုန်ပြီးပါက ရေထွက်ကုန်ပစ္စည်း ကဏ္ဍသည် ဒုတိယဦးစားပေး ပို့ကုန် ဖြစ်ပြီး ရေချိုရေငန် ငါး၊ ပုစွန်လုပ်ငန်းနှင့် ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများတွင် လူဦးရေ ၃ဒသမ၅ သန်းကျော် လုပ်ကိုင်နေခြင်းကြောင့် အဆိုပါကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ဆောင်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် ပြည်ပဝင်ငွေ တိုးတက်လာမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=5822

## မကွေးတိုင်းအတွင်း ကျောက်မီးသွေးသယ်ဆောင်ခွင့်မှ တစ်လလျှင် ရန်ပုံငွေ ကျပ်သိန်း ၁၀၀ ကျော်ရရှိ



မကွေးတိုင်းဒေသကြီးအတွင်း ကျောက်မီးသွေး တူးနေသည့် ကုမ္ပဏီများမှ ထွက်ရှိသော ကျောက်မီးသွေးကို နယ်ကျော် သယ်ဆောင်ခွင့် (မျှော) တစ်တန်လျှင် ကျပ် ၃,၀၀၀ ဖြင့် ကောက်ခံနေပြီး ယခုလက်ရှိ တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေ တစ်လလျှင် ကျပ်သိန်း ၁၀၀ ကျော် ရရှိနေကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဦးမြင့်ဇော်ထံမှသိရသည်။

သယံဇာတထုတ်ယူဖို့အတွက် ဒေသဆိုင်ရာအစိုးရကတော့ သဘောထားမှတ်ချက်ပေးရပါတယ်။ သယံဇာတ ထုတ်လုပ်ခွင့် တင်ပြတဲ့ဒေသမှာ သစ်တောထူထပ်တာတွေ၊ သစ်တောဖုံးလွှမ်းနေတဲ့အတွက် ရေနံမတူးသင့်ပါဘူး၊ ခရိုမိုက်မရှာသင့်ပါဘူးဆိုတဲ့ သဘောထားမှတ်ချက်ကိုတော့ ဌာနဆိုင်ရာတွေကို စစ်ဆေးခိုင်းပြီး သဘောထားမှတ်ချက်ပေးရတယ်။ မကွေးတိုင်းအတွင်းမှာရှိတဲ့ ကျောက်မီးသွေးကုမ္ပဏီတွေကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁ ရက်ကစပြီး ကျောက်မီးသွေး သယ်ဆောင်ခွင့်(မျှော) တစ်တန်ကို ကျပ် ၃,၀၀၀ ကောက်ခံပါတယ်။ အဲဒီလိုကောက်ခံတဲ့အတွက် တစ်လကို ကျပ်သိန်း ၁၀၀ နဲ့အထက်ရရှိနေပါတယ်ဟု ဝန်ကြီးဦးမြင့်ဇော်က ပြောဆိုသည်။ မကွေးတိုင်းအတွင်း သတ္တုတွင်းဦးစီးဌာနမှ ဓာတ်သတ္တုထုတ်လုပ်ရန်အတွက် အကြီးစားလုပ်ငန်း သုံးခု၊ အသေးစားလုပ်ငန်း ၃၁ ခု ခွင့်ပြုထားကြောင်း ဆက်လက်ပြောဆိုသည်။ ကျောက်မီးသွေးတစ်တန်အတွက် သက်ဆိုင်ရာမြို့နယ်တွေမှာ ကုန်သွယ်ခွန် ကျပ် ၂,၅၀၀ ပေးဆောင်ရတယ်။ နောက်ပိုင်းတိုင်းဒေသကြီးအစိုးရကို တစ်တန်ကျပ် ၃,၀၀၀ ပေးသွင်းရတယ်။ ပေးဆောင်ရတဲ့အခွန်ငွေ နှစ်ခုစလုံးအတွက် မြန်မာ့စီးပွားရေးဘဏ်ကို ပေးသွင်းရတာဖြစ်ပြီး ဘဏ်ငွေသွင်းချလန်ပြမှ မျှောစာထုတ်ပေးတာပါဟု မင်းဘူးဒေသရှိ မြင့်မြတ်ချမ်းအေး သတ္တုတူးဖော်ရေးကုမ္ပဏီတာဝန်ရှိသူတစ်ဦးကပြောဆိုသည်။

**Source:** HTTPS://MYANMAR.MMTIMES.COM/NEWS/120314.HTML

## နိုင်ငံသားများ ဒေါ်လာတစ်သောင်းနှင့်ညီမျှသော နိုင်ငံခြားငွေများကို ခြောက်လအထိကိုင်ဆောင်နိုင်

မြန်မာနိုင်ငံသားများအနေဖြင့် ဒေါ်လာတစ်သောင်းနှင့် ညီမျှသောမည်သည့် နိုင်ငံခြားငွေကိုမဆို ခြောက်လအထိ ကိုင်ဆောင်ခွင့်ရှိသည်ဟု ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌဦးဘိုဘိုငယ်ကပြောသည်။ နယ်စပ်မှအခြားငွေကြေးများ အလုံးအရင်းဖြင့် ဝင်ရောက်လာမည်ကို ကိုင်တွယ်ဖြေရှင်းလိုခြင်းကြောင့် တရုတ်ယွမ်နှင့်ထိုင်းဘတ်များကို ပိုမိုတင်းကျပ်စစ်ဆေးမည်ဟု ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌကပြောသည်။ ကျပ်ငွေတန်ဖိုးမာအောင် လုပ်နေတယ်။ တစ်ဖက်နိုင်ငံက ငွေတွေအလုံးအရင်းနဲ့ ဝင်လာပြီး ကျွန်တော်တို့ရဲ့ငွေတွေကို အစားထိုးသွားမှာရှိတယ်။ အဲဒီအတွက်ကြောင့် အိမ်နီးချင်းနိုင်ငံကငွေတွေကို သတိထားပြီး ကိုင်တွယ်ရကြောင်း ဦးဘိုဘိုငယ်ကပြောသည်။ ၂၀၁၅ တွင် ပြဋ္ဌာန်းခဲ့သည့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေတွင် မြန်မာနိုင်ငံသားများသည် နိုင်ငံသား သုံးငွေ ပမာဏအတိုင်းအတာတစ်ခုကို ကာလသတ်မှတ်ချက်



အရ ကိုင်ဆောင်ခွင့်ရှိသည်။ ပြီးခဲ့သည့် ဇန်နဝါရီအတွင်းက မွန်ပြည်နယ် မုဒုံမြို့နယ်၌ အမျိုးသားတစ်ဦးတွင် ထိုင်းဘတ် ၇၅၀ နှင့် အမျိုးသမီးတစ်ဦးတွင် ထိုင်းဘတ် ၉၆၀ ကိုင်ဆောင်ထားသဖြင့် မုဒုံမြို့နယ်ရဲစခန်းကခွင့်ပြုချက်မဲ့ နိုင်ငံခြားငွေ ကိုင်ဆောင်မှုဖြင့်ဖမ်းဆီးပြီး နိုင်ငံခြား သုံးငွေ စီမံခန့်ခွဲမှုဥပဒေအရ အရေးယူခဲ့သည်။ ထိုနှစ်ဦးကို ရဲတပ်ဖွဲ့က မူးယစ်ဖြင့်ရှာဖွေစစ်ဆေးခဲ့ခြင်းဖြစ်ပြီး မူးယစ်ဆေးမတွေ့သော်လည်း ထိုင်းဘတ်တွေ့ရှိ၍ အရေးယူဖမ်းဆီးခြင်းဖြစ်သည်ဟု ရဲစခန်းကထုတ်ပြန်ထားသည်။

**Source:** http://www.7daydaily.com/story/149469

## မိုဘိုင်းဖုန်း အသုံးပြုငွေပေးချေစနစ်တစ်ခုကို ဗဟိုဘဏ်မိတ်ဆက်မည်

မိုဘိုင်းဖုန်းအသုံးပြုမည့် ငွေပေးချေစနစ် (Mobile Payment)ကို ယခုနှစ်အတွင်း စတင်မိတ်ဆက်မည်ဟု ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်ကပြောသည်။ Payment နဲ့ပတ်သက်ပြီး လုပ်စရာအများကြီးရှိကြောင်း၊ မကြာခင်မှာ မြန်မာပြည်က မိုဘိုင်းနဲ့လွယ်လွယ်ကူကူပေးနိုင်တာ ဒီနှစ်ထဲမှာစတင်မိတ်ဆက်မှာဖြစ်ကြောင်း၊ ပြည်သူလူထုရော၊ ရောင်းတဲ့သူရော အများကြီးဆီလျော်အောင်လုပ်ထားကြောင်း ဦးဘိုဘိုငယ်ကပြောသည်။

နိုင်ငံအတွင်း မိုဘိုင်းဖုန်းအသုံးပြုမှုများလာပြီး မိုဘိုင်းဖုန်းသုံး ငွေပေးချေစနစ်မရှိသေး၍ ဆောင်ရွက်ခြင်းဖြစ်ပြီး လက်ရှိတွင် စည်းမျဉ်းစည်းကမ်းများ ရေးဆွဲနေကာ လုပ်ဆောင်ပုံအသေးစိတ်ကို မပြောနိုင်သေးကြောင်း ဗဟိုဘဏ်ကဆိုထားသည်။ ဗဟိုဘဏ်သည် ဘဏ်များ၊ နိုင်ငံတကာငွေပေးချေသည့်စနစ်များ၊ Mobile Wallet (မိုဘိုင်းငွေအိတ်)၊ မိုဘိုင်းဖုန်း အော်ပရေတာများနှင့် လစဉ်ဆွေးနွေးနေသည်ဟု ဦးဘိုဘိုငယ်ကပြောသည်။ မိုဘိုင်းဖုန်း ငွေပေးချေမှုစနစ်ဆိုသည်မှာ ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများသည် စည်းမျဉ်းစည်းကမ်းများအရ မိုဘိုင်းဖုန်းအသုံးပြု၍ ငွေပေးချေမှုများ အလွယ်တကူပြုလုပ်ခြင်းဖြစ်သည်။

လက်ရှိတွင် မိုဘိုင်းငွေပေးချေမှုအတွက် Wave Money၊ အူရီးဒူးအော်ပရေတာကလုပ်ဆောင်သည့် M-Pitesan နှင့် OK $ တို့ကို ဗဟိုဘဏ်ကခွင့်ပြုထားသည်။ အပြည်ပြည်ဆိုင်ရာအချက်အလက်ကော်ပိုရေးရှင်း၏ ထုတ်ပြန်ချက်အရ အာဆီယံတွင် မိုဘိုင်းဖုန်းသုံးငွေပေးချေမှုသည် ၂၀၂၁ တွင် ငွေပေးချေမှုအားလုံး၏ ၁၆ ရာခိုင်နှုန်းအထိရှိလာမည်ဟုဆိုထားသည်။ အာဆီယံဒေသတွင်း မိုဘိုင်းဖုန်းအသုံးပြုငွေပေးချေမှု အနည်းဆုံးနိုင်ငံများစာရင်းတွင် မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားတို့ ပါဝင်သည်။

**Source:** http://www.7daydaily.com/story/149470

## မြန်မာ-တရုတ်နယ်စပ်တွင် ဘဏ်များမှတစ်ဆင့် ယွမ်နှင့်ကျပ်ငွေလဲလှယ်နိုင်ရန် ဗဟိုဘဏ်စီစဉ်နေ

မြန်မာ-တရုတ်နယ်စပ် တရားဝင်ကုန်သွယ်ရေးတွင် ဘဏ်များမှတစ်ဆင့် တရုတ်ယွမ်နှင့်ကျပ်ငွေလဲလှယ်သည့်စနစ်ကို စတင်အကောင်အထည်ဖော်မည်ဟု ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်ကပြောသည်။ နှစ်နိုင်ငံခွင့်ပြုထားသည့် တရားဝင်နယ်စပ်ကုန်သွယ်ရေးကဏ္ဍတွင် ကုန်သည်တစ်ဦးချင်းက ငွေစာရင်းဖွင့်လှစ်ရန်မလိုဘဲ ဘဏ်များက ကြားဝင်ဆောင်ရွက်ပေးသည့်ပုံစံမျိုးဖြင့် အကောင်အထည်ဖော်မည်ဖြစ်သည်။ တရားဝင်ကုန်သွယ်ရေးဖြင့် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းများတင်ပို့ပြီး ရရှိလာသောယွမ်များကို သက်ဆိုင်ရာဘဏ်များတွင် ကျပ်ငွေဖြင့်လဲလှယ်ပြီးပြန်လည်ထုတ်ယူနိုင်မည်ဖြစ်သည်။

ထို့အပြင်မြန်မာနိုင်ငံအတွက် တရုတ်နိုင်ငံမှကုန်ပစ္စည်းဝယ်ယူသူကလည်း တင်သွင်းလိုသည့်ကုန်ပစ္စည်းတန်ဖိုးကို ဘဏ်သို့ ကျပ်ငွေဖြင့်ပေးပြီး အလွယ်တကူတင်သွင်းနိုင်မည်ဟု ဦးဘိုဘိုငယ်ကပြောသည်။ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး၌ ယွမ်နှင့်ကျပ်ငွေလဲလှယ်နိုင်ရေးဆောင်ရွက်ရာတွင် ပုဂ္ဂလိကဘဏ်များ ပါဝင်နိုင်ရန် ၂၀၁၈ ဒီဇင်ဘာအတွင်းက စာပေးပို့ပြီး ကမ်းလှမ်းထားသည်။

အခုအချိန်ထိတော့ ပုဂ္ဂလိကဘဏ်တွေက အကြောင်းမပြန်သေးကြောင်းသိရသည်။ လက်ရှိနယ်စပ်ကုန်သွယ်ရေးတွင်

မြန်မာပို့ကုန်များအတွက်ငွေချေရာ၌ တရုတ်ဘဏ်များတွင် ငွေစာရင်းဖွင့်လှစ်ဆောင်ရွက်နေရသည်။ ထို့အပြင် စီးပွားရေး လုပ်ငန်းရှင်များက တရုတ်ဘဏ်မှယွမ်ငွေများကို ဟောင်ကောင်မှတစ်ဆင့် စင်ကာပူနိုင်ငံရှိဘဏ်များတွင် ကန်ဒေါ်လာဖြင့် လဲလှယ်ထားရှိသည်ဟု ၎င်းကဆိုသည်။ မြန်မာနိုင်ငံမှ ငွေများပြည်ပဘဏ်များတွင် စာရင်းဖွင့်လှစ်ထားရှိခြင်းလျှော့ချရန်၊ မြန်မာ-တရုတ်နှစ်နိုင်ငံ တရားဝင်နယ်စပ်ကုန်သွယ်ရေး ချောမွေ့စွာဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံဘဏ်များသို့ ယွမ်ငွေ လွှဲပြောင်းနိုင်မည့်အစီအစဉ်ကို တရုတ်ဘဏ်များနှင့် ချိတ်ဆက်ညှိနှိုင်းထားသည်ဟု ဦးဘိုဘိုငယ်ကပြောသည်။
**Source:** http://www.7daydaily.com/story/149468

## ဆီးသီးဈေးနှင့် ဆီးစေ့ဆီးဆန်ဈေးကောင်းနေသော်လည်း အထွက်နှုန်းကျနေ၍ တရုတ်ဝယ်လက်ကိုသာ အားကိုးနေရ

ဆီးသီးဈေးနှင့် ဆီးစေ့ဆီးဆန်များဈေး ကောင်းနေသော်လည်း ဆီးသီးအထွက်နှုန်းများကျကာ တရုတ်ဝယ်လက်ကိုသာ အားကိုးနေရကြောင်း မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်းမှ ဆီးသီးအဝယ်ဒိုင်များနှင့် ဆီးသီးစေ့နှင့် ဆီးဆန်ထုတ်လုပ်ရောင်းချသူများထံမှသိရသည်။ အရင်နှစ်က အခုအချိန်ဆို ဆီးသီးကတစ်ရက်ကို တင်း ၁၅၀ နဲ့ ၂၀၀ အထိ ဝယ်ရပါတယ်။ အခုက တစ်ရက် ၁၀ တင်းတောင်မရဘူး။ ဆီးသီးအထွက်က ဒီနှစ်ကရာသီဥတုဖျက်တော့ အသီးအပွင့်မကောင်းတဲ့အတွက် အထွက်ကျတယ်။ ဆီးသီးဈေးကတော့ အရင်နှစ်ထက်ပိုကောင်းပါတယ်ဟု အောင်လံမြို့ ဆီးသီးအဝယ်ဒိုင်မှ ဦးမြင့်ငွေးက ပြောကြားသည်။

အောင်လံမြို့ရှိ ဆီးသီးအဝယ်ဒိုင်များသို့ အောင်လံမြို့နယ်အတွင်း ကျေးရွာများ၊ ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ သရက်မြို့နှင့် ဆင်ပေါင်ဝဲမြို့နယ်ရှိ ကျေးရွာများမှ ဆီးသီးများမှာ ရေကြောင်းနှင့်ကုန်းကြောင်းဖြင့် ဝင်ရောက်နေသော်လည်း ယခင်နှစ်ထက်အဝင်နည်းပြီး ဆီးသီးဈေးမှာလည်း ယခင်နှစ်က တစ်တင်း ကျပ် ၁၇၀၀ ရှိသော်လည်း၊ ယခုနှစ်တွင် တစ်တင်းကျပ် ၃၀၀၀ ဈေးရှိနေသည်။

ဆီးသီးပေါ်ချိန်မှာတော့ အထွက်နှုန်းကျတော့ ပစ္စည်းကရှားတယ်။ ဆီးသီးရှားရတာက ဆီးပင်တွေခုတ်ပစ်တာနဲ့ ရာသီဥတုမိုးလေဝသ မမှန်တာတွေကြောင့်ပါ။ ဆီးဆန်အထွက်ကလည်း နောက်ဆုံးမိုးဖျက်တော့ အထွက်နှုန်းကကျတယ်။ အရင်ကဆီးစေ့နဲ့ဆီးဆန်ကို ကိုရီးယားနဲ့တရုတ်ကအပြိုင်ဝယ်တယ်။ အခုက တရုတ်ကပဲဝယ်တဲ့အတွက် တရုတ် ဝယ်လက် ကိုပဲ အားကိုးနေရကြောင်း၊ အောင်လံမြို့ရှိ ဆီးသီးခွဲစက်လုပ်ငန်းပိုင်ရှင် မညိမ်းညိမ်းထွေးက ပြောကြား သည်။ ဆီးသီးစေ့ဆီးဆန်အစေ့ထုတ်လုပ်ကာ တင်ပို့ရာတွင် အညာဒေသထွက်ဆီးချဉ်သီးကို ဝယ်လက်များက ပိုမိုအကြိုက် တွေ့ကာ ဆီးစေ့တစ်တင်း ကျပ် ၁၅၀၀၀ ဈေးနှင့် ဆီးဆန်တစ်ပိဿာ ကျပ် ၁၅၀၀၀ ဈေးများရရှိကြောင်းသိရသည်။
**Source:** https://www.yangonmedia.com/economy/item/11719

## ကယားနှင့်ချင်းတွင် ရင်းနှီးမြှုပ်နှံပါက ခုနစ်နှစ်အထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ရမည်

ကယားနှင့်ချင်းတွင် ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းများကို ခုနစ်နှစ်အထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ခံစားရရှိမည်ဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်ကပြောသည်။ ဖေဖော်ဝါရီ ၇ ရက် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် သန်လျင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်မေးမြန်းသော ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမရခဲ့သော ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာအောင် ယင်းပြည်နယ်များအတွက် အထူးကင်းလွတ်ခွင့်ပေး၍ ဆောင်ရွက်ရန်အစီအစဉ် ရှိ၊ မရှိမေးခွန်းကို ရှင်းလင်းစဉ် ဒုဝန်ကြီး ဦးဆက်အောင်က အထက်ပါအတိုင်းထည့်သွင်းပြောကြားသည်။

၁၉၈၈ ခုနှစ်မှ ယနေ့တိုင် ၂၉ နှစ်တာကာလအတွင်း ကယားပြည်နယ်၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတစ်ခုနှင့် ပြည်တွင်း နိုင်ငံသားရင်းနှီးမြှုပ်နှံမှု သုံးခုသာရခဲ့ကြောင်း၊ ချင်းပြည်နယ်ဆိုလျှင် ၁၉၈၈ ခုနှစ် မှ ၂၀၁၈ ခုနှစ်အထိ ရင်းနှီးမြှုပ်နှံမှုတစ်ခုမှ မရခဲ့သေးကြောင်း ဦးလွင်ကိုလတ်က မေးခွန်းမေးမြန်းစဉ် ထည့်သွင်းပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအမှတ် ၇၅ (က) နဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့် ကြော်ငြာစာအမှတ် ၁၀/၂၀၁၇ တို့အရ ကယားပြည်နယ်နှင့်ချင်းပြည်နယ်တို့ရှိ မြို့နယ်အားလုံးမှာ ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းများအနေဖြင့် စီးပွားဖြစ်စ တင်သောနှစ်အပါအဝင် တစ်ဆက်တည်း ခုနစ်နှစ်အထိဝင်ငွေ ခွန်ကင်းလွတ်ခွင့်ကို ခံစားခွင့်ရရှိမှာဖြစ်ပါတယ်။ အခြားဖွံ့ဖြိုးမှု အသင့်အတင့်ရှိသောဒေသများတွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် ငါးနှစ်ရမှာ

ဖြစ်ပြီးတော့ ဖွံ့ဖြိုးမှုရှိသောဒေသများမှာတော့ ဝင်ငွေခွန်ကင်းလွတ်ခွင့် သုံးနှစ်ဆီသာခံစားခွင့်ပြုထားတာဖြစ်သောကြောင့် အခြားဒေသများထက် ကယားပြည်နယ်နှင့် ချင်းပြည်နယ်များတွင် ဝင်ငွေခွန်ကင်းလွတ်ခွင့်အား ပိုမိုပေးထားကြောင်း ဖြေကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဦးဆက်အောင်မှ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံလိုသူများသည် ကယားပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် နှစ်ရှည်မြေငှားရမ်းခွင့်နှင့်ပတ်သက်၍ အထူးအခွင့်အရေးလည်းပေးထားကြောင်းသိရသည်။ ကယားပြည်နယ်တွင် မကြာသေးမီကကျင်းပခဲ့သည့် ရင်းနှီးမြှုပ်နှံမှုဖိုရမ်၏ အကျိုးဆက်အဖြစ် ၂၀၁၈ ခုနှစ် မေလမှစတင်ပြီး ယနေ့ထိ ဟိုတယ်နှင့်ခရီးသွားလာမှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁ ခု၊ ရင်းနှီးမြှုပ်နှံမှုငွေပမာဏ ကျပ်သိန်းတစ်သောင်းနှစ်ထောင်ကို ခွင့်ပြုပေးနိုင်ခဲ့သလို ရင်းနှီးမြှုပ်နှံလိုသည့် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များက လေ့လာတင်ပြမှုများရှိလာကြောင်း အလားတူ ချင်းပြည်နယ်၌ ရင်းနှီးမြှုပ်နှံမှုပြပွဲကို ၂၀၁၉ ခုနှစ် မတ်တွင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://www.yangonmedia.com/economy/item/11718-

## ရော်ဘာတင်ပို့မှု ယခုဘဏ္ဍာနှစ်တွင် ပိုများလာ

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၁၈ ရက်အထိ သုံးလခွဲတာကာလအတွင်း ပြည်ပနိုင်ငံများသို့ ရော်ဘာတန်ချိန် ခုနစ်သောင်းနီးပါးတင်ပို့ထားကာ ယခင်ကာလတူထက် ပိုမိုတင်ပို့ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ အဆိုပါသုံးလခွဲတာကာလအတွင်း အမေရိကန်ဒေါ်လာ ၈၆ ဒသမ ၉၆၆ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၆၉၈၃၀ ဒသမ ၄၅၀ တင်ပို့ခဲ့ပြီး၊ ယမန်နှစ်ကာလတူက အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၃၉၃ သန်းတန်ဖိုးရှိ ရော်လာတန်ချိန် ၅၄၉၂၅ ဒသမ ၄၅၂ တန်တင်ပို့ခဲ့ရာ ယခုနှစ်အတွင်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ ကမ္ဘာ့ပညာရှင်ကြီးများ၏ ခန့်မှန်းချက်အရ ယခုနှစ်မှစ၍ ကမ္ဘာ့ရော်ဘာဈေးကွက်အတွင်း ဈေးနှုန်းမြင့်တက်လာနိုင်ကြောင်း သိရသည်။

အဓိကမျှော်မှန်းချက်ကတော့ ကမ္ဘာ့ရော်ဘာဈေးမြင့်တက်လာဖို့ဖြစ်ကြောင်း၊ ဒါကလည်း ရောင်းလိုအား၊ ဝယ်လိုအား ပေါ်မှာပဲ မူတည်ကြောင်း၊ ကမ္ဘာ့ပညာရှင်တွေကတော့ ၂၀၁၉ ခုနှစ်ကျော်လာရင် ရော်ဘာဈေး အထိုက်အလျောက် မြင့်တက်လာနိုင်တယ်လို့ ခန့်မှန်းထားကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ အတွင်းရေးမှူး ဦးခိုင်မြင့်ကပြောသည်။

လတ်တလောတွင် ပြည်ပတွင် ရော်ဘာဈေးနှုန်းများကျဆင်းနေသည့်အတွက် ပြည်တွင်းတွင် ရော်ဘာဈေးနှုန်း တစ်ပေါင်လျှင် ငွေကျပ် ၁၀၀ ဝန်းကျင်အထိကျဆင်းလျက်ရှိသည်။ မြန်မာနိုင်ငံမှ ရော်ဘာကို အဓိကအားဖြင့် တရုတ်နိုင်ငံသို့ နယ်စပ်ထွက်ပေါက်များမှတစ်ဆင့် တင်ပို့လေ့ရှိရာ လတ်တလောတွင် တရုတ်နှစ်သစ်ကူးရှိသော်လည်း ဈေးကွက်အတွင်း ပုံမှန်အတိုင်းသာ တင်ပို့နေကြောင်း၊ ပြီးခဲ့သည့် မီနီဘတ်ဂျတ်ကာလည်း ပြည်ပနိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၈၈၇ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၃၈၈၅၄ တန်တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

**Source:** http://www.logisticsguide.com.mm/en/industry-news/export-import/1525-export-rubber.html?fbclid=IwAR0T3daMX-9_G-QQSPepxnVukJ_Bo98zy56_uC8hDS-1ZQsV0qEf-V9kS_c

## STOCK EXCHANGE (8.2.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 7th Feb. 2019


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 9,000 | 9,000 | 9,000 | 280 | 2,520,000 | 27,112,747 | 244,015 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 3,619 | 10,495,100 | 38,929,150 | 112,895 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 146 | 1,051,200 | 10,400,986 | 74,887 |
| FPB | 00004 | 21,500 | -500 | -2.27% | 22,000 | 22,000 | 21,500 | 813 | 17,494,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 0 | 0 | 12,212,906 | 34,196 |

# Market Overview

As of 1:00 pm, 7th Feb. 2019

| MYANPIX | 380.26 ▼ 0.90 |
|---|---|
| Total Volume (shares) | 4,858 |
| Total Value (MMK) | 32 mil |
| Listed Company | 5 |
| Market Cap. (MMK) | 519,142 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲0 |
| MTSH | 00002 | 2,900 | ▲0 |
| MCB | 00003 | 7,200 | ▲0 |
| FPB | 00004 | 21,500 | ▼500 |
| TMH | 00005 | 2,800 | ▲0 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 380.26 | -0.90 | -0.24% | 381.16 | 381.16 | 380.26 | 4,858 | 31,560,800 | 5 | 519,142 |

### Index chart

